စာရေးသူ၏ အမှာစာ

အတွေ့အကြုံများ လက်ဆင့်ကမ်းခြင်းဖြင့် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ကိုယ့်ထက် ရှေ့ရောက်နေသည့် နိုင်ငံတွေဆီက အတွေ့အကြုံကောင်းများကို လေ့လာ၊ အတုယူ၊ ဆန်းစစ်ပြီးနည်းမှန်လမ်းမှန် အရှိန်အဟုန်ကောင်းကောင်းနှင့် နောက်ကလိုက်နိုင်ပါမှ တော်ကာကျမည်။ ထို့ကြောင့် ကျွန်တော်တို့ ဒေသတွင်း နိုင်ငံများအပါအဝင် ကမ္ဘာအရပ်ရပ်မှ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဆီသို့ ကဏ္ဍစုံမှ အသိပညာ၊ အတတ်ပညာများ လေ့လာ သင်ယူ ဖြန့်ဝေ နိုင်ရေးအလို့ငှာ ပညာတော်သင်များစေလွှတ်၍ အပြိုင်အဆိုင် ကြိုးပမ်းနေကြ လေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူး ကြိုးပမ်းလျက်ရှိရာ ၂၀၁၈ ခုနှစ်အထိ ဂျပန်နိုင်ငံ Okayama University တစ်ခုတည်းမှာပင် Ph.D. ဘွဲ့ရ (၉) ဦး၊ Master ဘွဲ့ရ (၂) ဦးနှင့်၊ လက်ရှိ (၂၃) ဦး ပညာသင်ယူလျက်ရှိပြီး၊ ကာလတို လာရောက်လေ့လာခဲ့ပြီးသူများလည်း အများ အပြားရှိသည်။ ယခုနှစ်မှ စတင်ပညာသင်ယူမည့်ကျောင်းသားများလည်း မကြာမီ ထပ်မံလာရောက်ကြတော့မည် ဖြစ်သည်။ ထို့အတူ အခြားသော ဂျပန်နိုင်ငံရှိ တက္ကသိုလ်များနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှ နာမည်ကြီး တက္ကသိုလ်များမှာ ပညာသင်ယူလျက်ရှိသော မြန်မာကျောင်းသားများလည်း အမြောက်အမြားရှိသည်။

ထိုသူများထဲတွင် ကျွန်တော်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ကျောင်းဆရာ တစ်ယောက်အဖြစ် ၂၀၀၃ ခုနှစ်ကတည်းက စတင်ခဲ့သည့် ကျွန်တော့်အတွက် သုံးနှစ်ခွဲ ဆိုသော ဂျပန်နိုင်ငံ ပညာသင်ကာလအတွင်း လေ့လာသင်ယူ စရာများ များစွာရှိခဲ့သည်။ မိမိ၏ ပညာရေး ရည်မှန်းချက်ပန်းတိုင် အရောက်နှင်နိုင်ရေး အတွက် ကြိုးပမ်းရင်း တစ်ဖက်မှာလည်း ပညာရေး၊ သုတေသန ယဉ်ကျေးမှု၊ တက္ကသိုလ် ပတ်ဝန်းကျင် နှင့် အတုယူယူစရာ အလေ့အကျင့်ကောင်းများကိုပါ လေ့လာမှတ်သားမိသည်။ နှစ်နှစ်နီးပါးအကြာ လေ့လာ အကဲခတ် ဆန်းစစ်ပြီးချိန် မှာတော့ ကောင်းနိုးရာရာလေးများကို Facebook စာမျက်နှာပေါ်မှာ စတင်ရေးသား တင်ပြခဲ့သည်။

မိမိ တင်ပြချင်သော အကြောင်းအရာ တစ်ခုခုကို အကြိမ်ကြိမ်စဉ်းစားပြီး ရထားပေါ်မှာလည်း ရေးသည်၊ ကားပေါ်မှာလည်း ရေးသည်။ အကြိမ်ကြိမ်လည်း တည်းဖြတ်ရသည်။ မိမိ၏ ရေးသားတင်ပြချက်များအပေါ် Comments များ ပေးခြင်း၊ Share များလုပ်ခြင်းဖြင့် အားပေးခဲ့ကြသည့်အတွက်လည်း ပိုမိုရေးသား ဖြစ်ခဲ့ရာ အကြောင်းအရာပေါင်း (၁၀၀) ကျော်ထိရှိလာခဲ့သည်။ အကြောင်းအရာများ အားလုံးနီးပါးသည် ဂျပန်နိုင်ငံ ပညာသင်အတွေ့အကြုံများဖြစ်သည့်အတွက် လက်ရှိ ဂျပန်နိုင်ငံမှာ ပညာသင်ယူလျက်ရှိသူများ၏ အားပေးထောက်ခံချက်များနှင့် Proofreading လုပ်ပေးခဲ့ကြသည်များကြောင့်လည်း ရေးသားတင်ပြချက်များ အပေါ် ယုံကြည်မှုကို ပိုမိုခိုင်မာအားကောင်းစေခဲ့သည်။

သို့သော် တကွဲတပြားစီ ဖြစ်နေသည့် ၎င်း အကြောင်းအရာများကို တစုတစည်းတည်း တင်ပြချင်တာရယ်၊ နောက်တစ်ဆင့်တက်ပြီး မှတ်တမ်းဓါတ်ပုံ များဖြင့် ဝေဝေ ဆာဆာ ပုံနှိပ်ထုတ်ဝေချင်တဲ့ စိတ်ရယ်၊ မိတ်ဆွေ၊ သူငယ်ချင်းများ နှင့် တပည့်များ၏ အားပေးမှုရယ်ကြောင့် စာအုပ်အဖြစ် ထုတ်ဝေဖို့အထိ စိတ်အား ထက်သန်လျက်ရှိပါသည်။ သို့သော် မိမိမျှော်မှန်းထားသော အကျိုးအမြတ် ဆိုသည်မှာ စာဖတ်သူတို့အတွက် ပညာရေးဆိုင်ရာ အတွေ့အကြုံကောင်းများ ရရှိပြီး၊ အတွေးအမြင် အသစ်များနှင့် ဆက်လက်လျှောက်လှမ်းကြမည့် ပညာရေး ခရီးလမ်းတွင် အထောက်အကူပြုနိုင်ရေး ဖြစ်သည်။ ထို့အတွက် စာအုပ်အဖြစ် အပြီးသတ် ထုတ်ဝေနိုင်ရေးအထိ မစောင့်နိုင်တော့ဘဲ ပထမအဆင့်နေဖြင့် e-Book အဖြစ် ဖြန့်ဝေပြီးဖြစ်ကာ ယခုမှ ထပ်မံဖြည့်စွက်တည်းဖြတ်ပြီး မှတ်တမ်းဓာတ်ပုံ များနှင့် စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်ပါသည်။

ယနေ့ အချိန်အခါတွင် ဖွံ့ဖြိုးပြီး နိုင်ငံအသီးသီးမှာ ပညာရေးကို ပုံစံအမျိုးမျိုး နှင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ယခု ဤစာစုတွင် တင်ပြထားသည်များ ကတော့ ၂၀၁၅-၂၀၁၈ ကာလအတွင်း ဂျပန်နိုင်ငံ Okayama University မှာ ပညာသင်ယူခဲ့သည့် မြန်မာကျောင်းသား တစ်ယောက်၏ ကိုယ်တွေ့ အတွေ့အကြုံ မျှသာ ဖြစ်သည်။ စာအုပ်တွင် စုစုပေါင်း အပိုင်း (၆)ပိုင်းပါဝင်ပြီး အပိုင်း (၁)-(၃) ကို ပညာရေးဆိုင်ရာ အတွေ့အကြုံများ၊ သုတေသန ပြုလုပ်ခြင်း၊ စာတမ်းရေးသားခြင်း နှင့် စာတမ်းဖတ်ကြားပုံ နည်းလမ်းများကို တင်ပြထားသည်။ အပိုင်း (၄) တွင် ဂျပန်နိုင်ငံ၏ အလေ့အကျင့် ကောင်းများကို တင်ပြထားပြီး၊ အပိုင်း(၅)-(၆) မှာတော့ မိမိကြုံတွေ့ခဲ့ရသည့် အထွေအထွေ အတွေ့အကြုံများနှင့် စိတ် ခွန်အားဖြည့် အကြောင်းအရာ တချို့ကို တင်ပြထားသည်။

ကျွန်တော်တို့တွေ အိမ်ကနေ တစ်နေရာရာကို သွားပြီး ပြန်လာကြသည့်အခါ အိမ်ပြန်လက်ဆောင်လေးတွေ ပါလာတတ်ကြသည်။ ဂျပန်မှာလည်း ထို ယဉ်ကျေးမှုလေး အခုထိရှင်သန်နေဆဲ ဖြစ်ပြီး ဂျပန်လို "အိုမိယာဂဲ့" お土産 [おみやげ (omiyage)] ဟုခေါ်သည်။ ကျွန်တော် ဂျပန်နိုင်ငံမှာ ပညာသင်ယူခဲ့ပြီး အမိ တိုင်းပြည်ကို ပြန်လာတော့မည်။ ဤစာအုပ်ကလေးကို ကျွန်တော့်ရဲ့ အိမ်ပြန် လက်ဆောင် "အိုမိယာဂဲ့" လေးအဖြစ် ပေးပါရစေ။

အားလုံး စိတ္တသုခ၊ ကာယ သုခနှင့်ပြည့်စုံပြီး ကောင်းမွန်မှန်ကန်သော
ပညာရေးခရီးလမ်းကို အတူတကွ လျှောက်လှမ်းနိုင်ကြပါစေ။

မေတ္တာဖြင့်

ဒေါက်တာ ကျော်စိုးလွင်
၁၅.၉.၂၀၁၈

စီစဉ်သူ့ စကား

သင်…ဂျပန်နိုင်ငံကို ခေတ္တဖြစ်စေ၊ ကာလကြာဖြစ်စေ ပညာသင်ရောက်ဖူးပါသလား။ သို့မဟုတ် ဂျပန်နိုင်ငံမှာ ကျောင်းတက်ချင်ပါသလား။ မသွားခင် 'ဒီစာအုပ်လေးကို အရင်ဆုံး ဖတ်ကို ဖတ်ထားသင့်ပါတယ်' လို့ အကြံပြုညွှန်းဆို တိုက်တွန်းပါရစေ။

ပညာဆိုတာ အတွေ့အကြုံ လက်ဆင့်ကမ်းခြင်းပါပဲတဲ့။ ဒီစာအုပ် ဖတ်တော့… မိမိ မရောက်ဖူးတဲ့ အရပ်ဒေသက ယဉ်ကျေးမှုဓလေ့နဲ့ တိုးတက်မှုအခြေအနေတွေအကြောင်း တအံ့တသြတွေ့မြင်ကြားသိရပါတယ်။ ဒီစာအုပ်ရဲ့ စာရေးသူဟာ… စာဖတ်သူကို သိစေချင်၊ မြင်စေချင်၊ ရစေချင်တဲ့အရာကို ထင်ရှားပေါ်လွင်အောင် ရေးပြထားတာက ပထမဆုံး အထူးကျေးဇူးတင် စရာ။ မေတ္တာစိတ်က လေးစားစရာ။ စေတနာစိတ်က တန်ဖိုးထားစရာ။

ဒီစာအုပ်မှာ ဂျပန်နိုင်ငံပညာသင်လို့ ခေါင်းစဉ်တပ်ရေးထားပေမယ့် ဘယ်မှာပဲ ဖြစ်ဖြစ် ပညာသင်တိုင်း တွေ့ကြုံရတတ်တဲ့၊ တွေ့ကြုံရလိမ့်မယ့်၊ တွေ့ကြုံရလေ့ရှိတဲ့ အကြောင်းအရာ ပညာရပ်တွေကို စာရေးသူဟာ မိမိရရဖမ်းဆုပ်သုံးသပ်ပြီး မိမိ ကိုယ်ပိုင်အတွေးမှာ စေတနာ ထပ်လောင်း ပေါင်းထည့်ပြီး မီးမောင်းထိုးပြကာ အလင်း ပေးထားတာတွေ့ရပါတယ်။ တစ်နည်းအားဖြင့် အလင်းရောင် ဖြာလက်နေတဲ့ ပညာရေးဆိုင်ရာ မီးတိုင်ပါပဲ။

ဒီစာအုပ်ကို ဖတ်ကြည့်ပါ။ ကိုယ်တိုင် ရောက်ရှိ သွားလာ၊ တွေ့ကြုံသိမြင်၊ ဖြတ်သန်း လျှောက်လှမ်းနေရသလိုမျိုး သိရှိခံစားမိရပါလိမ့်မယ်။ စာကလည်း လေးပင်ငြီးငွေ့ဖွယ် မဟုတ်နေဘဲ ရသတွေလွှမ်းရုံမက သွက်လက်မှု၊ တက်ကြွမှု၊ လန်းဆန်းမှု စတဲ့ စိတ်ဝင်စားစရာတွေ ခံစားသိရှိရပါလိမ့်မယ်။ ကျရာစာမျက်နှာ လှန်ဖတ်လိုက် ရင်တောင် ကိုယ်စဖတ်မိရာကနေ ပြန်မချချင်ဘဲ စိတ်ဝင်စားစေအောင် ဆက်ဖတ် ချင်စိတ်ကို ဆွဲဆောင်ထားနိုင်တဲ့စာအုပ်ပါ။ ဖတ်ကြည့်ပြီးရင်ကွက်ကွက် ထိထိမိမိနဲ့ ကွင်းကွင်း၊ ထင်သာမြင်သာအောင် ရေးသားထားတာအပေါ် သင်ကိုယ်တိုင်လည်း ခုလိုပဲ သုံးသပ် ပြောချင်စိတ် ဖြစ်လာမှာပါ။

ဒီစာအုပ်နဲ့အတူ DVD ခွေထဲမှာ ပါဝင်တဲ့ ဖိုင်တွေကတော့… တနင်္ဂနွေနေ့တိုင်း ပညာရေးဆိုင်ရာဆွေးနွေးပွဲစကားဝိုင်းဖြစ်တဲ့ Sunday Education Talk မှာ ပြောခဲ့တဲ့ Industrial Experiences ခေါင်းစဉ်အောက်ကနေ အတွေ့အကြုံပြည့်ဝတဲ့ ပြင်ပလုပ်ငန်းနယ်ပယ် အသီးသီးက ပညာရှင်၊ လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံစကားပြော ဆွေးနွေးထားတာပါ။

ဒီအတွေးအသိတွေ ဝေမျှမှုတွေကို ကြည့်ရှု နားထောင်ခြင်းအားဖြင့် ပညာရေး အရည်အသွေးဆိုင်ရာ အားနည်းချက်၊ လိုအပ်ချက်တွေ၊ လိုအပ်မှုတွေ သိမြင်တဲ့အပြင် အကြံပြုမှုတွေ၊ ဆောင်ရွက်အပ်ရာတွေ တွေ့ရမှာဖြစ်ပြီး ပြုပြင်ဖြည့်ဆည်းပြောင်းလဲ ရင်း ပိုပိုပြီး မြန်မြန်ဆန်ဆန် တိုးတက်လာမှာ မြေကြီးလက်ခတ်မလွဲပါပဲ။

ဒီလိုစာအုပ်မျိုးဟာ ပညာရေး အကောင်အထည်ဖော်နေတဲ့ ဟိုး… တာဝန်ရှိသူကနေ ပညာရှာကျောင်းသားထိ ဖတ်သင့်သလို… မိဘတွေပါ သိရ၊ ဖတ်ရ၊ နားထောင်ရ မှာပါ။ စာအုပ်ရဲ့ တန်ကြေး၊ ပေးရတဲ့ အချိန် နဲ့ ချိန်ဆပြလို့မရနိုင်တဲ့ ပညာဗဟုသုတ၊ ဉာဏ်အလင်း လမ်းကြောင်း၊ လမ်းစတွေ အသေအချာ ရမှာပါပဲ… လို့ပဲ ဆိုပါရစေ။

အနှစ်ချုပ်ထပ်ပြောရရင်…ကျွန်တော်လည်း ဒီစာအုပ်ဖတ်ပြီးတဲ့ အခါ ဂျပန် နိုင်ငံမှာ (၃)နှစ်တာလောက် ပညာသင်သွားခဲ့ရပြီး ပြန်လာခဲ့သူ တစ်ယောက် လိုလို…။

ကျန်းမာ ချမ်းမြေ့ တိုးတက် အောင်မြင် ပျော်ရွှင် ကြပါစေ

လေးစားလျက်-

ဒေါက်တာနိုင်လင်းအောင်
B.E., M.E., Ph.D. (Electronics), MTU
၅.၁.၂၀၂၁

မာတိကာ

အကြောင်းအရာ စာမျက်နှာ

စီစဉ်သူ့ စကား

စာရေးသူ၏ အမှာစာ

အပိုင်း (၁)

အဆင့်မြင့် ပညာရေးနှင့် သုတေသန

1. အဆင့်မြင့် ပညာရေးဆိုတာ
2. Skill သုံးမျိုး
3. သုတသေနဟု ဆိုကြရာဝယ်
4. သုတေသနဆိုင်ရာ အမေးအဖြေများ
5. Group Study အားသာချက် အားနည်းချက်
6. ပညာရေးအတွက် Specialist တွေဖြစ်ဖို့လို
7. ဌာနမှူး တာဝန် ဆိုတာ
8. Lab ခန်းအတွေ့အကြုံများ(၁)
9. Lab ခန်းအတွေ့အကြုံများ(၂)
10. Lab ခန်းအတွေ့အကြုံများ(၃)
11. Lab ခန်းအတွေ့အကြုံများ(၄)
12. Lab ခန်းအတွေ့အကြုံများ(၅)
13. B.E. ဘွဲ့ရပြီးရင် M.E. ဆက်တက်ကြမလား???
14. Industrial Collaboration and Internship Program (၁)
15. Industrial Collaboration and Internship Program (၂)
16. Research Collaboration Programs
17. သူတို့ဆီက ပညာရေး
18. အင်ဒိုနီးရှား တက္ကသိုလ်ဆရာပြောတဲ့ သူတို့ အခြေအနေ
19. အဆင့်မီချင်တယ်ဆိုရင်
20. Knowledge Sharing တွေလုပ်ကြမယ်
21. အကျိုးရလဒ် ရဖို့ဆိုရင်
22. Outcome-based education (OBE) ကိုစတင် မြည်းစမ်းကြည့်ခြင်း
23. Students Skill ကျောင်းသားတွေရဲ့ ကျွမ်းကျင်မှု
24. မြန်မာ့ သုတေသန ယဉ်ကျေးမှု

အပိုင်း (၂)

သုတေသန စာတမ်းရေးသားခြင်းနှင့် ဖတ်ကြားခြင်း

25. သုတေသန စက်ဝန်း
26. Literature Review or Research Paper Reading ဆိုသည်မှာ
27. သုတေသနအတွက် Hypothesis ဘာကြောင့်အရေးကြီး
28. Research Paper (သုတေသန စာတမ်း) ဟု ဆိုကြရာဝယ်
29. Research Paper ဘယ်လိုရေး
30. Title နဲ့ Abstract ရေးတဲ့အခါ
31. သုတေသန စာတမ်းတွေအတွက် Reviewer တွေရဲ့ Comment တွေကို ပြန်လည် ဖြေရှင်းကြတဲ့အခါ
32. အရည်အသွေးညံ့ဖျင်းတဲ့ Paper တွေကို မဖတ်မိ/မရေးမိကြစေဖို့
33. Thesis ရေးခြင်း နှင့် Supervisor ရဲ့ အခန်းကဏ္ဍ
34. Supervisor (or) Advisor
35. Copy ယဉ်ကျေးမှု
36. ပညာရေး အတွက် ရှဲဒိုးဟာအန္တရာယ်
37. ဆရာ Google ကိုမေးပါ
38. International Conference နှင့်ပတ်သက်၍ သတိပြုစရာအချက်များ (၁)
39. International Conference နှင့်ပတ်သက်၍ သတိပြုစရာအချက်များ (၂)
40. International Conference များပြုလုပ်ကျင်းပကြရာဝယ်
41. Presentation ပေးကြရာဝယ်
42. Conference Presentation ပေးရာတွင် သတိပြုစရာအချက်များ
43. LaTeX အသုံးပြု၍ သုတေသန စာတမ်းများရေးသားခြင်း
44. TU Graduation Thesis အတွက် ကြိုတင်ပြင်ဆင်ထားရန် အကြံပြုချက်များ
45. Graduation Project and Thesis တွေ အတွက် စဉ်းစားဖွယ်ရာ
46. အင်တာဗျူး

အပိုင်း (၃)

တက္ကသိုလ် စာသင်ခန်း နှင့် ပညာရေး ပတ်ဝန်းကျင်

47. ဂျပန် တက္ကသိုလ်ရဲ့ စာသင်ခန်း (၁)
48. ဂျပန် တက္ကသိုလ်ရဲ့ စာသင်ခန်း (၂)
49. ကျောင်းတက်ချိန်
50. စာသင်ခန်းရဲ့တန်ဖိုး
51. Blue Sky Classroom in the Ruins
52. ဂျပန်က ဆရာတွေ ကျင့်နေတဲ့ကိုယ်ကျင့် တရား
53. အိုကာယာမ တက္ကသိုလ်မှာ ဒါတွေလုပ်တယ်
54. ကျောင်းနေပျော်၍ စာတော်ကြသည်
55. အိုကာယာမ တက္ကသိုလ် စာကြည့်တိုက်
56. Konko Gakuen Junior & Senior High School က ပြိုင်ပွဲ
57. Korakukan High School သို့ အလည်တစ်ခေါက်
58. ဂျပန်ပြည်ရဲ့ အရည်အသွေး ဆန်းစစ်အကဲဖြတ်ခြင်း အလေ့အထ
59. Okayama University ရဲ့ Student Union ဘာတွေ လုပ်သလဲ
60. Myanmar Students' Association-Okayama University, Japan
61. အိုကာယာမ တက္ကသိုလ်ရဲ့ Super Global Home Coming Day
62. အိုကာယာမ တက္ကသိုလ် ရဲ့ ဆုနှင်းသဘင်
63. ဂျပန်ပြည်က ဘွဲ့နှင်းသဘင်

အပိုင်း (၄)

အတုယူစရာအလေ့အကျင့်ကောင်းများ

64. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၁)
65. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၂)
66. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၃)
67. ဂျပန်နိုင်ငံရဲ့ ဝန်ဆောင်မှု
68. သန့်ရှင်းသပ်ရပ်တဲ့ ဂျပန်ပြည်
69. သတင်းအချက်အလက်နဲ့ ညွှန်ကြားချက်တို့ စီးဆင်းဖို့
70. အခြေခံ အတတ်ပညာ
71. ဂျပန်နိုင်ငံရဲ့ မျိုးဆက်သစ်
72. တိုးတက်သောဂျပန်ပြည်နှင့် ဂျပန့် ယဉ်ကျေးမှု
73. ဂျပန်ပြည်က Taxi
74. ဂျပန်ပြည်ရဲ့ ကျန်းမာရေး စောင့်ရှောက်မှု
75. ဂျပန်နိုင်ငံရဲ့ ဆေးရုံ၊ ဆေးခန်း၊ဆေးအရောင်းဆိုင်များ
76. Saiseikai General Hospital သို့တစ်ခေါက်
77. ဂျပန်ပြည်က Valentine's Day
78. ဂျပန်ခွေးလေးတွေ
79. လမ်းပြ ခွေးကလေး
80. Stone/Scissor/Paper ကစားကြမယ်
81. တောင်သူလယ်သမားနေ့
82. စက်ဘီး
83. လူငယ်တွေကို ပြုစုပျိုးထောင်ပါ

အပိုင်း (၅)

ကြုံဆုံခဲ့ရလေသမျှ

84. နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် အမေဒေါ် အောင်ဆန်းစုကြည် တွေ့ဆုံပွဲ
85. အမေစုကြောင့် ဂုဏ်တက်ခဲ့ရသည်
86. ရန်ကုန်တိုင်း ဝန်ကြီးချုပ်နှင့် တွေ့ဆုံခြင်း
87. ဆရာကြီး အိုကာဒါ(Okada Sensei)
88. (၁၃) နှစ်သား မြန်မာကလေးလေး တစ်ယောက်
89. ဂျပန်လူမျိုး မိတ်ဆွေ (၁)
90. ဂျပန်လူမျိုး မိတ်ဆွေ (၂)
91. နိုင်ငံခြားသား ကျွန်တော့် မိတ်ဆွေများ
92. ပန်းချီကား တစ်ချပ်
93. ဖွံ့ဖြိုးဆဲ နိုင်ငံက ကျောင်းဆရာ/ဝန်ထမ်းတွေ
94. နိုင်ငံတကာ ဘောလုံးပွဲ
95. အရှေ့နဲ့အနောက်
96. ဂျပန် အိမ်သာ
97. အရောင်းစက် (Vending Machine)

အပိုင်း (၆)

စိတ်အားဖြည့် ဘဝအတွေ့အကြုံများ

98. မြန်မာတွေ မညံ့ကြပါ သို့သော်
99. ကိုယ့်အိမ် ကိုယ်ပြန်ကြတဲ့အခါ
100. အပြေးပြိုင်ပွဲ
101. ဟော့ဒီကောင်လေး ထူးပြီ
102. စိတ်ဖိစီးမှုများနဲ့ အတူနေထိုင်ခြင်း
103. ဖိအားများကို ရင်ဆိုင်မယ်
104. နိုင်ငံခြား ပညာတော်သင် အိပ်မက်
105. Sunday Education Talk

စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ကျေးဇူးမှတ်တမ်း